# 320GC ဆီစားနှုန်းအာမခံအတွက် စည်းမျဉ်းများ

(၁) ဆီစားနှုန်းကို သိရှိနိုင်ရန်အတွက် စက်တွင်ပါရှိသော Product Link အား အမြဲဖွင့်ထားပေးရန် လိုအပ်ပါသည်။

(၂) ယခုအစီအစဉ်တွင်ပါဝင်နိုင်ရန်အတွက် စက်စတင်ဝယ်ယူချိန်တွင် ပါဝင်မည့်အကြောင်း စာရင်းပေးသွင်းရပါမည်။

(၃) စာရင်းပေးသွင်းထားသောစက်၏ ဆီစားနှုန်းအား ၃လတစ်ခါ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။
(Jan-Mar, Apr-Jun, Jul-Sep, Oct-Dec)

(၄) သတ်မှတ်ထားသော ဆီစားနှုန်းထက်ကျော်လွန်ခဲ့ပါက ၎င်းကျော်လွန်ခဲ့သောဆီများအတွက် ကျသင့်ငွေကို Spare Parts ဝယ်ယူနိုင်ရန်အတွက်(Parts Credit Voucher)ဘောင်ချာစာရွက်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ၎င်းစာရွက်အား အထက်ဖော်ပြပါ အချိန်ဇယားအတိုင်း ၃လ တစ်ကြိမ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ဘောင်ချာများအား စုပေါင်း၍လည်း ဝယ်ယူမှုပြုလုပ်နိုင်ပါသည်။ သို့သော်လည်း ဘောင်ချာသက်တမ်းသည် (၆)လဖြစ်ပါသောကြောင့် သက်တမ်းကျော်လွန်ခဲ့ပါက အသုံးမပြုနိုင်မည့်ဘောင်ချာဖြစ်သွားပါမည်။

(၅) ၎င်းဘောင်ချာသည် Spare Parts အသစ်ဝယ်ယူမှုအတွက် အသုံးပြုနိုင်မည်ဖြစ်ပြီး ယခင်ရှိသောအကြွေးစာရင်းပေးချေမှုတွင် အသုံးမပြုနိုင်ပါ။

(၆) စက်ဆီလိုင်းပေါက်ခြင်း၊ ဖောက်ချခြင်းများကြောင့် ဖြစ်လာမည့်ဆီစားနှုန်းသည် ထည့်သွင်းတွက်ချက်မှုတွင် အကျုံးမဝင်ပါ။ ဤကဲ့သို့ ဖြစ်စဉ်များကိုတွေ့ရှိပါက ဆီစားနှုန်းအစီအစဉ်ပါဝင်ခြင်း ပျက်ပြယ်သွားမည် ဖြစ်ပါသည်။

(၆) ဤအစီအစဉ်သည် စက်စတင်စာရင်းသွင်းသည့်နေ့မှစ၍ နောက်တစ်နှစ်ကြာသည်အထိ အကျုံးဝင်မည်ဖြစ်ပါသည်။

(၇) စက်ဆီစားနှုန်းများသည် အော်တိုမတ်တစ်ဒီဂျစ်တယ်နည်းအရ တွက်ချက်တိုင်းတာထားခြင်း ဖြစ်ပါသောကြောင့် ဆီစားနှုန်းရလဒ်များသည် အပြောင်းပြောင်းပြင်ပြင်မရှိနိုင်ပါ။ အကယ်၍ တစ်စုံတစ်ရာ အပြောင်းပြောင်းဖွယ် ပေါ်ပေါက်ခဲ့ပါက အတတ်နိုင်ဆုံးနှင့် အမှန်ကန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ သို့ပါသော်လည်း MSP CATနှင့် Caterpillar ဖက်မှ အဆုံးအဖြတ်သည် နောက်ဆုံးအတည်ဖြစ်ပါသည်။